# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အောက်ဖေါ်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်—

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၅။]

## နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ဥပဒေအရ သတ်မှတ် ပြဋ္ဌာန်းသော ပညာရေးစနစ်ကို ထိရောက်စွာ အကောင်အထည်ဖေါ်ရေး၊ ပညာရေး လုပ်ငန်းများကို အထောက်အကူ ဖြစ်စေရေး၊ ပညာရေးနှင့် ဆက်သွယ်လျက်ရှိသော အခြားပညာရပ်အတွက် သုတေသနလုပ်ငန်းဖြင့် အစဉ်ခေတ်မှီ တိုးတက်ဖွံ့ဖြိုး အောင်မြင်မှု ရယူရေး၊ ပညာရေးနှင့် ဆက်သွယ်နေသည့် အခြားပညာရပ်များတွင် ခေတ်မှီ သုတေသန လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် နေကြသည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်ရေးဘို့နှင့် စပ်လျဉ်း၍ ပညာရေး သုတေသန လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည်၊ အောက်တွင် ဖေါ်ပြပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်—

## အခန်း ၁

## အမည်၊ အာဏာတည်သည့် နေ့ရက်နှင့် အဓိပ္ပါယ်ဖေါ်ပြချက်

၁။ ။(က) ဤဥပဒေ ကို၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသန ဥပဒေ ဟုခေါ် တွင်စေရမည်။

(ခ) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ **တဝှမ်းလုံးတွင် ချက်ချင်း အာဏာတည်ရမည်။**

၂။ ။ဤဥပဒေတွင်၊ စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပါယ် သက်ပင်စေရမည်—

(က) "ဤဥပဒေ" ဆိုသည်မှာ၊ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေး သုတေသန ဥပဒေကိုဆိုသည်။

(ခ) "ပညာရေးစနစ်" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံ ပညာရေး၊ စက်မှုသက်မွေး ပညာရေး၊ အထက်တန်း ပညာရေး စသည်တို့ အကျုံးဝင်သည့် ပညာရေးစနစ် တရပ်လုံးကိုဆိုသည်။

(ဂ) "ပညာရေးလုပ်ငန်း" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံသားများအား ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓါတ်၊ အတွေးအခေါ်၊ အလေ့အကျင့်၊ တိုင်းရင်းသား ယဉ်ကျေးမှု၊ ရသ ခံစားတတ်မှုများ အစရှိသည့် အရည်အချင်း၊ အရည်အသွေးတို့ဖြင့် အဖက်ဖက်မှ ပြည့်စုံရေးအတွက် ရည်မှန်းဆောင်ရွက်သော သင်ပြမှု၊ သင်ယူမှု၊ ပညာရည် စစ်ဆေးတိုင်းတာမှု၊ လေ့ကျင့်ပြုစု ပျိုးထောင်မှုဆိုင်ရာ လုပ်ငန်းများ စသည်ကိုဆိုသည်။

(ဃ) "သုတေသန" ဆိုသည်မှာ၊ ပညာရေး စနစ်နှင့် ပညာရေး လုပ်ငန်းများအတွက် လိုအပ်၍ အကျိုးပြုစေမည့် ခေတ်မီ တိုးတက်သော နည်းများ၊ စီမံချက်များဖြင့် စနစ်တကျ စူးစမ်းလေ့လာ စိစစ်သုံးသပ် ဆောင်ရွက်အပ်သော အခြေခံ သုတေသန၊ အသုံးချ သုတေသန၊ လက်တွေ့သုတေသန၊ လေ့လာစူးစမ်းမှု သုတေသန အစရှိသည့် သုတေသနလုပ်ငန်းအားလုံးကိုဆိုသည်။

(င) "မူဝါဒ" ဆိုသည်မှာ၊ ပညာရေး သုတေသန လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးဆောင် လမ်းညွှန်မှုအဖြစ် ခံယူကျင့်သုံးရမည့် မူဝါဒကိုဆိုသည်။

(စ) "မူဝါဒကော်မီတီ" ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသောပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနမူဝါဒ ညွှန်ကြားရေးကော်မီတီကို ဆိုသည်။

(ဆ) "စီမံချက်" ဆိုသည်မှာ ပညာရေးသုတေသန လုပ်ငန်းအတွက် လုပ်ငန်းစဉ်သတ်မှတ်ရေးဆွဲသည့်လုပ်ငန်းစီမံချက်ကိုဆိုသည်။

## အခန်း ၂

## ဖွဲ့စည်းခြင်း

၃။ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရန်အလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည်၊ ပညာရေးဝန်ကြီးဌာနတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနမူဝါဒ ညွှန်ကြားရေးကော်မီတီတရပ်နှင့် ပညာရေးသုတေသန အဖွဲ့ကိုဖွဲ့စည်းထားရှိရမည်။

၄။ (က) ပုဒ်မ ၃ အရ ဖွဲ့စည်းသည့်မူဝါဒကော်မီတီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်—

(၁) ပညာရေးဝန်ကြီး .... ဥက္ကဋ္ဌ။
(၂) ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန .... ဒုတိယဥက္ကဋ္ဌ။
(၃) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦး .... အဖွဲ့ဝင်။
(၄) ညွှန်ကြားရေးမှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံ သုတေသနအဖွဲ့ .... အဖွဲ့ဝင်။

(၅) ညွန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီး ဌာန .... အဖွဲ့ဝင်။
(၆) ညွန်ကြားရေးမှူးချုပ်၊ အထက်တန်း ပညာ ဦးစီးဌာန .... အဖွဲ့ဝင်။
(၇) ညွန်ကြားရေးမှူးချုပ်၊ စက်မှုသက်မွေးပညာ ဦးစီးဌာန .... အဖွဲ့ဝင်။
(၈) ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ အဖွဲ့ဝင်။
(၉) ပါမောက္ခချုပ်၊ ပညာရေးတက္ကသိုလ် .... အဖွဲ့ဝင်။
(၁၀) အစိုးရခန့်ပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(၁၁) အထက်တန်းပညာရေးသုတေသနအရာရှိ .... အတွင်းရေးမှူး။

(ခ) မူဝါဒကော်မီတီတွင် ပါဝင်ကြသော ရာထူးအရမဟုတ်သည့်အဖွဲ့ဝင်များ၏ သက်တမ်းသည်သုံးနှစ်ဖြစ်စေရမည်။

(ဂ) ပညာရေးသုတေသနအဖွဲ့တွင် လိုအပ်သည့် ဝန်ထမ်းများကို ခန့်ထား ပေးရမည်။

## အခန်း ၃

## မူဝါဒ ကော်မီတီ၏ လုပ်ငန်း တာဝန်များ

၅။ ။(က) မူဝါဒ ကော်မီတီ၏ လုပ်ငန်းတာဝန်များသည် အောက်ပေါ်ပြပါ တို့ဖြစ်သည်—

(၁) ပညာရေးစနစ်နှင့် ယင်းပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ပညာရေးလုပ်ငန်းအရပ်ရပ်အတွက်ဖြစ်စေ၊ ယင်း ပညာရေးစနစ် ပညာရေးလုပ်ငန်းရပ်များနှင့် ဆက်သွယ်နေသည့် အခြားပညာရပ်သုတေသန လုပ်ငန်းများအတွက်ဖြစ်စေ နိုင်ငံတော် ၏ မူဝါဒသဘောထားများနှင့်အညီ ပညာရေးသုတေသနဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပေးခြင်း၊

(၂) ပညာရေးစနစ်နှင့် ပညာရေးလုပ်ငန်းများကို ခေတ်မီ၍ အစဉ် တိုးတက်ပွံ့ဖြိုးနေရေးအတွက်၊ နိုင်ငံတော်၏မူဝါဒသဘောထားနှင့် အညီပညာရေးတွေးခေါ်ဖြော်ပြင်မှု၊ ပညာရေးလက်တွေ့ ကျင့်သုံးမှု ပညာသင်ပြမှု၊ ပညာသင်ယူမှု၊ ပညာရေးစစ်ဆေးတိုင်းတာမှု၊ ပညာ ရေးလမ်းညွှန်မှုနှင့်သက်မွေးဝမ်းကျောင်း လမ်းညွှန်မှု၊ ပညာရေး ဖြစ်ပေါ်တိုးတက်မှု စသည်တို့နှင့် စပ်လျဉ်း၍ဖြစ်စေ၊ သင်ကြားမှု အထောက်အကူများတီထွင်မှု၊ အသုံးပြုမှုဆိုင်ရာ နည်းစနစ်များ၊ ယင်းတို့၏ သက်ရောက်အကျိုးပြုချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ အစဉ်မပြတ်လေ့လာဆည်းပူးခြင်း၊ စူးစမ်းခြင်း၊ စမ်းသပ်စိစစ်ခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ နည်းလမ်းကိုထွင် ကြံဆရှာဖွေခြင်း ပြုရာ၌ ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(၃) ပညာရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးနှင့် ဆက်သွယ်လျက်ရှိသော အခြားပညာရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆောင်ရွက်ရန်လိုအပ်သော သုတေသန လုပ်ငန်းအားလုံးအတွက နှစ်တိုနှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ခြင်း၊

(၄) ပညာရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးနှင့် ဆက်သွယ်လျက်ရှိသော အခြားပညာရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆောင်ရွက်မည့် သုတေသနလုပ်ငန်းရပ်အသီးသီးအတွက် ရေးဆွဲတင်ပြသည့်စီမံချက်များကိုအတည်ပြုခြင်း၊

(၅) အပိုင်း (၁)၊ (၂) နှင့် (၃) တို့အရ ဆောင်ရွက်ရာတွင် ပညာရေးနှင့် ဆက်သွယ်နေသည့် ပညာရပ်များ၊ ယင်းပညာရပ်များနှင့် စပ်လျဉ်းသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နေကြသော ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ဌာနများ၊ အဖွဲ့အစည်းများကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်များကိုသော်လည်းကောင်း လိုအပ်သလို ညှိနှိုင်းအားပေးထောက်ပံ့ပြုခြင်း၊

(၆) အရေးကြီးသော သုတေသနလုပ်ငန်းရပ်များကို၊ လိုအပ်ပါကအစိုးရ၏ခွင့်ပြုချက်အရ၊ နိုင်ငံခြားသုတေသနလုပ်ငန်း အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊

(၇) ပညာရေး သုတေသနအဖွဲ့တွင်၊ တာဝန်ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များ၏ အသိအမြင်၊ အတတ်ပညာ၊ ကျွမ်းကျင်မှု အစဉ်တိုးတက်မြင့်မားစေရေးနှင့် အခြားသင့်တော်သော ပုဂ္ဂိုလ်များကိုပညာရေးသုတေသနအဖွဲ့တွင် နောင်အခါ အသုံးပြုတာဝန်ပေးအပ်နိုင်စေရေးတို့အတွက် သင်တန်းပေးခြင်း၊ သင်တန်းစေလွှတ်ခြင်း စသည်တို့ကိုစီစဉ်ဆောင်ရွက်ခြင်း၊

(၈) သုတေသနလုပ်ငန်းများမှ ပေါ်ထွက်လာသည့် အကျိုးဖြစ်ထွန်းမှုရလဒ်များကို အများပြည်သူတို့ အသုံးပြုနိုင်ရေး ခံစားနိုင်ရေးတို့အတွက် ဖြန့်ဖြူးခြင်း၊ အားပေးခြင်း၊

(၉) ဤဥပဒေပါကိစ္စရပ်များ ထမြောက်အောင်မြင်စေရန် လိုအပ်သော၊ သက်ဆိုင်သော ဆောင်ရွက်မှုများပြုခြင်း၊

(၁၀) ဤအခန်းပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွနိုင်ရန်လည်းကောင်း၊ ပညာရေးသုတေသနအဖွဲ့ ဝန်ထမ်းများအားတာဝန်လွှဲအပ် ဆောင်ရွက်စေရန်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့် လုပ်ထုံးလုပ်နည်းကို သတ်မှတ်ပေးခြင်း။

(ခ) မူဝါဒကော်မီတီသည် အလုပ်အမှုဆောင် ကော်မီတီ၊ သို့မဟုတ် လုပ်ငန်းကော်မီတီများ၊ သီးသန့်ကော်မီတီများကို လိုအပ်လျှင် လိုအပ်သလို ဖွဲ့စည်းနိုင်သည့်ပြင် ဤဥပဒေဖြင့်အပ်နှင်းထားသော လုပ်ငန်းတာဝန်များအနက်၊ သင့်လျော်သည့်လုပ်ငန်းတာဝန်များကို သုံးစွဲဆောင်ရွက်ရန် အလို့ငှါ အဆိုပါ ကော်မီတီများသို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

## အခန်း ၄

## ဘဏ္ဍာရေး

၆။ ။(က) ပညာရေးသုတေသနအဖွဲ့သည်၊ ယင်း၏ ဝင်ငွေ ထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြားအစိုးရဌာနများ နည်းတူ၊ ရ-သုံးမှန်းခြေ ငွေစာရင်းကို အစိုးရထံတင်သွင်းရမည်။

(ခ) ပညာရေးသုတေသနအဖွဲ့သည်၊ ယင်း၏ ဝင်ငွေ အားလုံးကို အစိုးရငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

(ဂ) ပညာရေးသုတေသနအဖွဲ့သည်၊ ယင်း၏ အသုံးစရိတ်များကို အစိုးရက ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ သုံးစွဲရမည်။

## အခန်း ၅

## အထွေထွေ

၇။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှါ၊ လိုအပ်သောနည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်သည်။

(ပုံ) နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်။
(၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။